## ဒေါက်တာဂေါ်ဒွန်ဆီးဂရေ့ဗ်

[ ၁၈၉၇ - ၁၉၆၅ ]

ဒေါက်တာဂေါ်ဒွန်စတစ်ဖလာဆီးဂရေ့ဗ်ကို ရန်ကုန်မြို့တွင် ၁၈ မတ် ၁၈၉၇ က မွေးဖွားခဲ့သည်။ မိဘများမှာ အမေရိကန်ဘက်ပတစ်သာသနာပြု ရဲက်ဗရင်းအဲလ်ဘတ် အန်းနက်စ် ဆီးဂရေ့ဗ်နှင့် အဲလစ်ဗင်တန်တို့ဖြစ်သည်။ မိဘဘိုးဘွားများမှာ သာသနာပြုမျိုးရိုး၊ ဆရာဝန်မျိုးရိုးများဖြစ်ရာ ဂေါ်ဒွန်ဆီးဂရေ့ဗ်မှာလည်း ၎င်းတို့ခြေရာအတိုင်းလိုက်ကာ သာသနာပြုနှင့် ဆရာဝန် ဖြစ်လာခဲ့သည်။

သာသနာပြုခြင်းနှင့် ဆေးဝါးကုသခြင်းတို့ကို မြန်မာနိုင်ငံတွင် နှစ်ရှည်လများ ဆောင်ရွက်ခဲ့သူဖြစ်၍ ၎င်းကို ရံဖန်ရံခါ မြန်မာပြည်က ခွဲစိတ်ဆရာဝန် (Burma Surgeon) အမည်ဖြင့်လည်း တင်စားခေါ်ဝေါ်ကြသည်။

၁၉၁၇ တွင် ဒန်နီဆန်တက္ကသိုလ်၊ ၁၉၂၁ တွင် ဂျွန်ဟော့ကင်းတက္ကသိုလ်တို့မှ ဆေးပညာဘွဲ့များရခဲ့ပြီး ဆေးဝါးကုသခြင်းနှင့် ခွဲစိတ်ကုသခြင်းများကို တရုတ်-မြန်မာ နယ်စပ်တွင် နှစ် ၂၀ နီးပါး လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

၁၉၄၂ တွင် အမေရိကန်တပ်မတော် ဆေးတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း ဗိုလ်ချုပ်ကြီး ဂျိုးဇက် စတီးဝဲလ်နှင့်အတူ တာဝန်ထမ်းရွက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ တွင် ဆေးကုသမှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခဲ့ပြီး ၁၉၄၅-၄၆ ဗြိတိသျှ အုပ်ချုပ်ရေးကာလတွင် ရှမ်းပြည်နယ်ဆေးမှူးချုပ်တာဝန်ယူခဲ့သည်။

### ရေးသားခဲ့သည့်စာအုပ်များ

၎င်း၏ ရှမ်းပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ပတ်သက်၍ စာအုပ်ခြောက်အုပ် ရေးသားပြုစုခဲ့သည်။

၁။ Waste Basket Surgery (1930)
၂။ Tales of a Waste Basket Surgeon (1939/42)
၃။ Burma Surgeon (1943)
၄။ Adventure in Burma told in pictures (1944)
၅။ Burma Surgeon Returns (1946)
၆။ My Hospital in the Hills (1955) တို့ဖြစ်သည်။

The life of a Burma Surgeon with Chester Bowles (1961) စာအုပ်ကိုလည်း ပူးတွဲ ရေးသားခဲ့သည်။

### ကိုယ်ရေးဘဝ

မာရီယန်ဂရေ့စ် 'တိုင်နီ' မော့စ်နှင့် ၁၁ စက်တင်ဘာ ၁၉၂၀ တွင် လက်ထပ်ခဲ့သည်။

၂၈ မတ် ၁၉၆၅ အသက် ၆၉ နှစ်အရွယ်တွင် ၎င်းတည်ထောင်ခဲ့သည့် နမ့်ခမ်းဆေးရုံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၌ ကွယ်လွန်ခဲ့သည်။

■



## ဤစာအုပ်

ဤစာအုပ်ပါ အကြောင်းအရာများသည် ဆရာဝန်တစ်ဦးက လူလူချင်း စေတနာထားကာ ကြိုးပမ်းခဲ့သည့် အခြင်းအရာများကို သရုပ်ဖော်ထားသည်မျှမကဘဲ ကျွန်ုပ်တို့ မြန်မာပြည်ကိုပါ ကူးစက်ဖုံးလွှမ်း ဒုက္ခပေးသည့် ဒုတိယကမ္ဘာစစ်မီးကြီး တောက်လောင်စဉ်အခါက တရုတ်နယ်စပ် တရုတ်–အိန္ဒိယ–ဗမာ နယ်စပ်၊ အိန္ဒိယ–ဗမာ နယ်စပ်တို့တွင် ဖြစ်ပျက်ခဲ့သည်များကို၊ မျက်မြင်ကိုယ်တွေ့မှတ်တမ်းများကို တော်တော်စုံစုံလင်လင် ဖော်ပြထားသည်။

ဂျပန်တို့ကတစ်ဖက်၊ မဟာမိတ်တပ်များနှင့် တရုတ်တပ်များကတစ်ဖက်၊ မြောက်ပိုင်း စစ်မျက်နှာတွင် အားပြိုင်ခဲ့ကြသည်များကို နေ့စွဲ ရက်စွဲများနှင့် ဖော်ပြထားသည်။

ထိုမျှမက ကျွန်ုပ်တို့ မြန်မာပြည်တွင်းသို့ ဂျပန်များ ဝင်လာစဉ်က တရုတ်တပ်များ၊ အင်္ဂလိပ် အမေရိကန်တပ်များ မည်သို့ဆုတ်ခွာရသည်၊ အထက်မြန်မာပြည် မြို့ကြီးများကို ဗုံးကြဲတိုက်ခိုက်ရာက အတွေ့အကြုံများ စသည်ကိုလည်း နေ့စွဲ ရက်စွဲများနှင့် တော်တော်များများ ဖတ်ရှုရဦးမည်။



ထိုမျှသာမက ဂျပန်တို့ ဝင်လာသည်ကို ကြောက်၍ အိန္ဒိယပြည်ဘက် ထွက်ပြေးကြသောသူများ၏ ကြောက်မက်ဖွယ်ရာ ဒုက္ခအမျိုးမျိုး ခံစားရပုံများနှင့်တကွ လူ၏ ဦးခေါင်းခွံများဖြင့် တံတားခင်းကာ ချီတက် တိုက်ခိုက်ပုံများ၊ တောကြီးအတွင်းမှ ကြောက်မက်ဖွယ်ရာ လူတစ်ကောင်လုံး သေဆုံးအောင် ကိုက်ခဲသွေးစုပ်ကြသည့် သွေးစုပ်ကောင်ကြီးများအကြောင်းကို ကြက်သီးထဖွယ်ရာ ဖတ်ရှုရပါမည်။

မည်သို့ဖြစ်စေ ဤစာအုပ်မှာ ကျွန်ုပ်တို့နိုင်ငံ စစ်မြေပြင်ဖြစ်ခဲ့ရစဉ်က တစ်နေရာတွင် တွေ့ကြုံ ဖြစ်ပျက်ခဲ့သည်များကို မှတ်တမ်းတင်ထားခြင်းဖြစ်ပါ၍ တိုင်းပြည်အတွက် အကျိုးရှိမည်ဟု ယုံကြည်ရပါသတည်း။

တင့်တယ်